## မြင်းစီးကျောက်ရုပ်တို့ ၏ သင်္ကေတ

ကျနော်တို့ အားလုံး မြင်းစီးထားတဲ့ ကျောက်ရုပ်တွေကို တွေ့ ဖူးကြပါတယ်။ ကျနော်တို့ မြန်မာနိုင်ငံမှာ ဆိုရင် ဗန္ဓုလ ကျောက်ရုပ်တို့ ဗိုလ်ချုပ်အောင်ဆန်း ကျောက်ရုပ်တို့ ကိုပေါ့။ အရင်တုန်းက တော့ မြင်းစီးကျောက်ရုပ်ဆို တာမြင်းစီးထားတဲ့ကျောက်ရုပ်တွေပဲပေါ့ ..... ။( ခုမှပဲရှင်းသွားတယ်လို့ မပြောနဲ့နော် ) ကျနော်ပြောချင်တာက အဲ့ဒီမြင်းရုပ်တွေမှာ သူတို့ အဓိပ္ပါယ်နဲ့သူတို့ ရှိကြတယ်ဆိုတာကိုပေါ့။ မြင်းရုပ်ပုံစံတွေကိုကြည့်ပြီး ဒီမြင်းရုပ်ပေါ်က ပုဂ္ဂိုလ်ဟာ ဘယ်လိုသေဆုံးသလဲ ဆိုတာကိုလေ။

အဲ့ဒီအဓိပ္ပါယ်တွေကိုလည်းပြောပြမလို့ ကျနော်ဖတ်ဖူးတာတော့ တော်တော်ကြာပြီဗျ ....။

၁။ မြင်းရဲ့ ရှေ့ ခြေတစ်ဖက်မြှောက်နေရင် --- လုပ်ကြံခံရတာ
၂။ မြင်းရဲ့ ရှေ့ ခြေ နှစ်ဖက်မြှောက်နေရင် --- တိုက်ပွဲမှာ ကျဆုံးတာ
၃။ မြင်းရဲ့ နောက်ခြေ နှစ်ဖက်မြှောက်နေရင် --- အစိမ်းသေ သေဆုံးတာ
၄။ မြင်းရဲ့ ခြေလေးဖက်စလုံး မြေပြင်နဲ့ ကပ်နေရင် --- မကျန်းမမာဖြစ်ပြီးသေဆုံးတာလို့ မှတ်သားဖူးပါခင်ဗျာ။

( ဒီအချက်တွေက ပုံမှန် အဓိပ္ပါယ်တွေဖြစ်ပေမယ့် တချို့ ကျောက်ရုပ်တွေ ၊ ပန်းပု ရုပ်တွေလည်း ဒီအချက်တွေ ကို လိုက်နာထားချင်းမရှိတာကို တခါတလေမှာ တွေ့ရပါတယ်ခင်ဗျာ)